
ဝန်ရင်း
Read on the move
ကောင်သမန်တွင်
ကျားရှိသည်
(ဂမ္ဘီရလှူမော်)

# တောင်သမန်တွင် ကျားရှိသည်

တောင်ပြုန်းပွဲပြီးသော် မြစ်တူးပွဲ ဆက်၏။

ထို့နောက် တောင်သမန်ဘိုးဘိုးကြီးအင်း ဆက်ပြန်၏။

ပြီးလျှင် ရတနဂူပွဲတော် ဆက်လေသည် ။

တောင်သမန်အင်းအရှေ့ဘက် ဦးပိန်တံတားထိပ်ရှိ တောင်သမန်ရွာတွင် တောင်သမန်ဘိုး ဘိုးကြီး၏ နတ်နန်း၊ နတ်ကွန်းကို ထည်ဝါခမ်းနားစွာ ကိုးကွယ်ထားရှိသည် ကို တွေ့ရမည် ဖြစ်၏။

ဘိုးဘိုးကြီး၏ သက်ပျောက်အထိမ်းအမှတ်ကျောက်တိုင်ကိုကား အမရပူရနှင့် တောင်သမန် ရွာသို့ ဆက်သွယ်ထားသော သစ်လုံးတိုင်တစ်ရာကျော်ဖြင့် ခင်းထားသည့် ဦးပိန်တံတားရှည်ကြီး၏ သုံးချိုးတစ်ချိုးခန့်တွင် စိုက်ထူထား၏။

တစ်ရွာလုံးက ကိုးကွယ်ကြပြီး တစ်နှစ်တစ်ကြိမ် ပွဲတော်ကျင်းပလေ့ရှိကြသည် ။

ထိုပွဲ၌ မြန်မာ့ရိုးရာလှေပြိုင်ပွဲများ လည်း ပါဝင်၏။

တစ်ကြိမ်တစ်ခါ၌ အလှူကြီးအတန်းကြီးများ ပါဝင်သောကြောင့် အ

စဉ်အလာမပျက် နွားလှည်းများ ဖြင့် တန်းစီလှည့်ပွဲလည်း ပြုလုပ်၏။

လှည့်ပွဲတွင် အတီးအမှုတ်၊ အကအခုန်များ ထည့်သွင်းရသည် ဖြစ်ရာ မြစ်ငယ်မှ တေးရွှေဝါ ဆိုင်းအဖွဲ့ကို ငှားရမ်းလေ၏။

ထိုစဉ်က ထိုဆိုင်းအဖွဲ့သည် အမရပူရမြို့နယ်တွင် နာမည်ကြီးဆိုင်းအဖွဲ့ဖြစ်ပြီး ဆိုင်းအတီး ကောင်းသော ဆိုင်းခေါင်းဆောင် စိန်ကုလား ( ခေါ်) မြင့်အောင်ကြောင့် ကျော်ကြားခြင်း ဖြစ်၏။

စိန်ကုလားမြင့်အောင်သည် မူးလေ အတီးကောင်းလေ ဖြစ်၏။

မည်မျှပင် အရက်သောက်ထားစေကာမူ အမှားမရှိ၊ တီးကွက်မပျက်စေဘဲ လက်စွမ်းပြနိုင် သူဖြစ်၍ ပရိသတ်က အားပေးနေခြင်း ဖြစ်၏။

ထိုအဖွဲ့တွင် မဆီမဆိုင် ကျော်အောင်ဆိုသူလည်း ပါသေး၏။

မြစ်ငယ်၊ နှင်းဆီရပ်ကွက်တွင် နေထိုင်ပြီး စိန်ကုလားမြင့်အောင် သွားရာနောက်သို့ တကောက်ကောက်လိုက်ပါနေသူ ဖြစ်၏။

အဆိုလည်း မရ၊ အတီးလည်း မတီးတတ်သော်လည်း စိန်ကုလားနှင့် ငယ်ပေါင်းကြီးဖော် များ ဖြစ်၍ ခွဲမရဘဲရှိ၏။

ယနေ့ တောင်သမန်လှည့်ပွဲအတွက် တေးရွှေဝါဝိုင်းတော်သားများ တောင်သမန်တွင် ရောက်နေကြ၏။

'ဟေ့ ... ကျော်အောင်၊ မင်း အခုအထိ မသွားသေးဘူးလား'

လှသိန်း စက်ဘီးတစ်စီးဖြင့် ရောက် လာပြီး မေးနေ၏။

'အငယ်လေး ငါ့စက်ဘီးယူသွားလို့ '

'ဘယ်သွားတာလဲ'

'ဈေးသွားလို့ စောင့်နေတာ'

‘ဒီနေ့ တောင်သမန်ဘိုးဘိုးကြီးလှည့်ပွဲ ရှိတယ်မဟုတ်လား’

‘ရှိတယ်လေ’

‘မင်း မမီလိုက်ဘဲနေဦးမယ်’

‘ရပါတယ်ကွာ။ မြစ်ငယ်နဲ့ တောင်သမန် ဘာဝေးလို့ လဲ။ အောက်လမ်းကနေ ယဉ်တော်စံနဲ့ ကုလားရွာကိုဖြတ်ပြီး ကျွဲနံကျောင်းချိုးလိုက်တာနဲ့ ရောက်သွားတာပဲဟာ’

‘မင်းအငယ်လေးက ဘယ်သဝေထိုးနေလဲမှ မသိတာ။ တော်တော်ကြာ မင်းကျန်ရစ်ခဲ့မှာ စိုးလို့ ’

‘သူ လာခါနီးပါပြီကွာ။ ဟင်း ...’

ကျော်အောင်သည် အဝေးဆီသို့ လှမ်းမျှော်ကြည့်နေရ၏။

‘ကဲပါကွာ။ ငါ့စက်ဘီးပဲ ယူသွားလိုက်ပါ’

လှသိန်းသည် (ရီလေး) စက်ဘီးပေါ်မှ ဆင်း၍ သွားခိုင်းနေ၏။

‘ကျေးဇူးပါပဲ’

ကျော်အောင် ကမန်းကတန်း တောင်သမန်သို့ တက်သုတ်နှင် လိုက်လေ၏။

ကျွဲနံကျောင်းမှ ချိုးလိုက်သည် နှင့် တောင်သမန်အင်းတောင်ဘက်ခြမ်း တောင်သမန်ရွာစပ် တွင် သပ်ရပ်စွာပြုပြင်ထားသော ကျားစင်လေးကို တွေ့လိုက်သဖြင့် ရပ်ကြည့်လိုက်မိ၏။

ပွဲတော်ရက်ရောက်ချိန်ဖြစ်သောကြောင့် ထိုကျားစင်လေးကိုလည်း အသစ်တစ်ဖန် မွမ်းမံ ထားရှိသည် ကို တွေ့ရ၏။

ဘိုးဘိုးကြီး၏ ကျားဟူ၍ ရှေးလူကြီးသူမများက အသိအမှတ်ပြု၍ အမှတ်တရပြုထားခြင်း ဖြစ်၏။

ကျော်အောင်သည် စပ်ဖြဲဖြဲရယ်သွမ်းလေးဖြင့် မခိုးမခန့် ကြည့်လိုက်၏။

'ဟဲ … ဟဲ'

ထပ်ရယ်လိုက်ပြန်၏။

'ဟင်း'

မဲ့လိုက်ပြန်၏။

'ဒီကျားသာ တကယ်ရှိတယ်ဆိုရင် တိရစ္ဆာန်ရုံကို ရောင်းစားလိုက်ရရင် ပိုက်ဆံတွေ အများကြီးရမှာ ။ ဟား … ဟား … ဟား'

မဆီမဆိုင်အတွေးများ တွေး၍ အမိပ္ပာယ်မဲ့စွာ ပြက်လုံးထုတ်လိုက်ပြီး စက်ဘီးကို ဆက်နင်း လိုက်၏။

'ဖောင်း'

နောက်ဘီးပေါက်သွားသောကြောင့် ဆင်းလိုက်ရပြီး အကြောင်းရင်းကို ရှာနေရ၏။

ဆူးပြောင့်ခလုတ်လည်း မတွေ့ရဘဲရှိ၏။

အဖိုးတန်(ရီလေး)စက်ဘီး ပေါက်သွားခြင်းသည် သူ့အတွက် ဝန်ထုပ်ဝန်ပိုးကြီးဖြစ်ရပြီး လှသိန်းအား မည်သို့ တောင်းပန်ရမှန်းမသိ ဖြစ်နေမိ၏။

ရွာထဲသို့ တွန်းဝင်လာခဲ့ရ၏။

'ဗျို့ … အစ်ကိုကြီး၊ ဝင်ပါဦးလား'

အိမ်တစ်အိမ်မှ လူတစ်ယောက်ထွက် လာပြီး ခေါ်လိုက်သောကြောင့် လှမ်းကြည့်လိုက်၏။

'မုန့်လေးဘာလေး သုံးဆောင်သွားပါဦး'

ပွဲတော်ရက်များ တွင် တစ်ရွာလုံး အိမ်တိုင်းလိုလို အကျွေးအမွေးဖြင့် ညွှဲခံတတ်ကြခြင်းက ထုံးစံ ဖြစ်၏။

'အစ်ကိုကြီးက တေးရွှေဝါဆိုင်းအဖွဲ့က မဟုတ်လား။ ကျွန်တော်သိပါတယ်'

'ဟုတ်ပါတယ်။ အဲဒီကိုပဲ သွားမလို့ '

'အချိန်ရပါသေးတယ်ဗျာ။ စားပြီးမှ ပဲ သွားပေါ့'

ပျူပျူငှာငှာရှိလှသဖြင့် ကျော်အောင် စက်ဘီးကို တွန်းဝင်လိုက်၏။

'စက်ဘီး ဘာဖြစ်လို့ လဲ'

'ဘီးပေါက်သွားလို့ ပါ'

'ရွာမှာ စက်ဘီးပြင်ဆိုင်တွေရှိပါတယ်။ ခဏလေး နားလိုက်ပါဦး'

ညွှဲခံမှုပြုနေသဖြင့် ကျော်အောင် ကျေနပ်အောင် စားလိုက်ရ၏။

'ကဲ ... သွားဦးမယ်'

'အစ်ကိုကြီးတို့ တေးရွှေဝါအဖွဲ့က နောက်ဆုံးမှ လိုက်ရမယ့်လှည်း ဆိုတော့ လှည်းတန်းရဲ့ အနောက်ဘက်ကိုသွားနော်'

'အင်း ... အင်း'

ကျော်အောင် စက်ဘီးကို တွန်းထွက်လိုက်၏။

'အစ်ကိုကြီးရဲ့ စက်ဘီးကို ယူမသွားနဲ့ တော့လေ။ ဒီမှာ ပဲ ထားခဲ့ပါ။

ကျွန်တော် ပြင်ထား ပေးလိုက်ပါ့မယ်'

'နေပါစေကွာ'

'ပွဲတော်လာတဲ့ လူရဲ့ အခက်အခဲကို ကျွန်တော်တို့ က ဖြေရှင်းပေးရမှာ လေဗျာ'

'ရပါတယ်ကွာ'

တွန်းထွက်ရန် ဟန်ပြင်လိုက်၏။

'ဘာလဲ၊ မယုံလို့ လား။ ကျွန်တော် အိမ်က ဘယ်မှ ထွက်မပြေးပါဘူးဗျာ။ ကျွန်တော့်နာမည် က ထွန်းဦးပါ။ တစ်ရွာလုံး သိပါတယ်'

'ကဲ ... ကဲ ... ထားခဲ့ပါတော့မယ်ကွာ။ သွားမယ်'

စက်ဘီးကိုထားခဲ့ပြီး ကျော်အောင် တေးရွှေဝါဆိုင်းအဖွဲ့ရှိရာသို့ ထွက်လာခဲ့၏။

'ဟော့ ... ကျော်အောင်၊ မင်းက အလုပ်ဆိုနောက် အစားဆို ရှေ့ဆုံးက ။ ဝိုင်းကူဖော်တောင် မရဘူး။ အခုမှ လာတယ်။ နည်းနည်းပါးပါးလည်း ဝိုင်းလုပ်ဦး'

ရောက်မဆိုက် စိန်ကုလားက ဆီးငေါက်နေသဖြင့် ကျော်အောင် အဖွဲ့သားများ နည်းတူ ဘာသာယိမ်းလိုက်ရောယိမ်းလိုက်ရ၏။

'လှည်းတွေက ထွက်တော့မှာ ကွ'

ဆိုင်းသံဗုံသံများကြောင့် တစ်ရွာလုံးက ထွက်အားပေးနေကြ၏။

လှည်းတန်းကြီးသည် တောင်သမန်မှ စထွက်ကြပြီ ဖြစ်၏။

ထွန်းဦးသည် လှည်းတန်းကြီးအား ငေးမောကြည့်ရာမှ စက်ဘီး အိမ်ထဲသို့သွင်းရန် တွန်း လိုက်၏။

မည်သို့မှန်းမသိ တစ်ကိုယ်လုံး ကြက်သီးများ ထလျက် ထိုင်မရ ထမရ ထိန်းမရဖြင့် တုန်တုန် ယင်ယင် လှုပ်ခါနေလေ၏။

‘ကိုထွန်းဦး … ရှင်ဘာဖြစ်တာလဲ’

ဇနီးဖြစ်သူက မေးမြန်းသော်လည်း အဖြေမပေးနိုင်ဘဲရှိပြီး ကြောင်တောင်တောင်ဖြစ်နေ သောကြောင့် ဝိုင်းဝန်းပြုစုနေကြရ၏။

အိမ်နားမှ ဒေါ်မြင့်ရောက် လာပြီး အမှားအယွင်းတစ်ခုခုကြောင့်ဖြစ်တာဟု ထင်ကြေးပေး နေ၏။

လှည်းတန်းကြီးသည် ကျွဲနံကျောင်းရွာဆီသို့ ဦးတည်၍ တီးမှုတ်ကခုန်လျက် ထွက်လာနေ ကြ၏။

နောက်ဆုံးမှ လိုက်ပါလာရသည့် လှည်းပေါ်မှ တေးရွှေဝါဆိုင်းအဖွဲ့ကလည်း အားကျမခံ အပြိုင်အဆိုင် တီးမှုတ်၍ လိုက်ပါလာနေ၏။

ကျွဲနံကျောင်းမှ လူအုပ်သည် ဘိုးဘိုးကြီး၏ ကျားစင်ကျောင်းဆောင်လေးရှိရာမှ ကြိုစောင့် လင့်နေကြ၏။

ထိုကျားစင်ရှေ့သို့ရောက်လာလျှင် လှည်းများကို ခေတ္တရပ်တန့်ပြီး အော်ဟစ်ကခုန် ပြသလေ့ ရှိသောကြောင့် ဖြစ်၏။

တေးရွှေဝါလှည်း ရောက် လာပြီး ထုံးစံအတိုင်း ကခုန်ပြနေ၏။

စိန်ကုလား၏ လက်သံကြောင့် ပရိသတ်၏ အားပေးမှုက သောသောညံနေ၏။

စိန်ကုလား လက်စွမ်းပြနေ၏။

‘ဟေ့ … မြင့်အောင်၊ မင်း ဒီကျားကို ကြားလောက်အောင် မင်းတီးနိုင်လို့ လား။ ဟား … ဟား … ဟား’

ကျော်အောင်သည် ကျားစင်လေးကို ကြည့်လိုက်ပြီး ရိသဲ့သဲ့ဖြင့် ပြောင်လှောင်လိုက်၏။

စိန်ကုလား၏ သွက်လက်သောတီးကွက်များကြောင့် ဝိုင်းတော်သားများက စည်းဝါးကိုက်ညီ စွာ လိုက်တီးနေကြသဖြင့် ပရိသတ်အကြိုက်တွေ့နေ၏။

'တီး ... တီး၊ မင်းလက်ပြုတ်ကျသွားအောင်တီး။ ကျား ထပြီးကလာအောင်တီး ... တီး။ ဆုချလိုက်မယ်ဟေ့။ ဟား ... ဟား ... ဟား'

စိန်ကုလားက အရှိန်မပျက်တီးခတ်နေ၏။

'ဟေ့ ... ဟေ့ ... ကျားကြားမယ်ဟေ့၊ ဟေ့ ... ဟေ့ ... ကျားကြားမယ်ဟေ့၊ ဟေ့ ... ဟေ့ ... ကျားကြားမယ် ဒီကျားနားမကန်းဘူးကွ၊ ကြားအောင်တီး ... တီး ... တီး' ဟု အော်မှ ကျော်အောင်လည်း စည်းဝါးမှန်စွာ ထကလိုက်သဖြင့် ဝိုင်းတော်သားများက လိုက်လျောညီထွေစွာ တီးပေးကြ၏။

ကျော်အောင်သည် ဆိုနေရာမှ ကုန်းကုန်းကွကွဖြင့် ထကလိုက်ပြန်သဖြင့် စိန်ကုလားသည် တီးလုံးကို သွက်သွက်လေးပြောင်းတီးပေးလိုက်ရ၏။

ကျော်အောင်သည် ကုန်းကုန်းကွကွကနေရာမှ တစ်ဖန်လေးဖက်ထောက်ပြီး ကကြိုးကကွက် ကို ပြောင်းလိုက်သဖြင့် ဝိုင်းတော်သားများ တအံ့တသြရှိနေကြ၏။

စိန်ကုလားသည် အကနှင့် ခွင်ကျရလေအောင် တီးကွက်ကို ပြောင်း၍ ဆက်တီးပေးရပြန်၏။

'ဗျို့ ... ဆရာတို့ ၊ လှည်းတွေ အဆက်ပြတ်နေပြီဗျ။ နောက်နေရာ

တွေ ကျန်ပါသေးတယ်။ ရှေ့ကလှည်းတွေကို အမီလိုက်ပေးကြပါ’

ထိုသတိပေးအော်သံကြောင့် ဆိုင်းကိုရပ်လိုက်ပြီး ရှေ့လှည်းများနောက်သို့ လိုက်ခဲ့ကြရ၏။

ဆိုင်းရပ်လိုက်သော်လည်း ကျော်အောင်သည် အကမရပ်နိုင်သေးဘဲ မကုန်းတကော့ဖြင့် ဟိုခုန်ဒီခုန်ယိမ်းလျက် လိုက်ပါလာခဲ့၏။

ရှေ့လှည်းများကို မီလာသဖြင့် စိန်ကုလား လက်စွမ်းပြလိုက်၏။

မောဟိုက်လျှာထွက်မတတ်ဖြစ်နေသည့် ကျော်အောင်သည် မူးလဲမတတ်ရှိဪသော်လည်း ရှန်းကန်၍ ကိုးရိုးကားရားအကများ ဖြင့် ကလျက် လိုက်ပါလာခဲ့ရာ ယဉ်တော်စံကို ကျော်၍ မြစ်ငယ်သို့တိုင်ခဲ့၏။

မြစ်ငယ်မှ ပြန်လှည့်ကြရမည်ဖြစ်၍ ရှေ့လှည်းများ နောက်သို့ ပြန်လှည့်နေကြ၏။

တေးရွှေဝါလှည်းလည်း မြစ်ငယ်မှ ပြန်လှည့်လိုက်သည် နှင့် ကျော်အောင်သည် အရုပ်ကြိုး ပြတ်ပြီး ဗုန်းဗုန်းလဲကျသွားလေတော့၏။

တုန်တုန်ယင်ယင်ဖြင့် ချွေးများ ထွက်နေသည် မှာ ရေချိုးထားသလိုရှိ၏။

ကျော်အောင်အား ဖေးမကူညီလျက် အတီးမပျက်၊ အဆိုမပျက်ဖြင့် လှည်းပွဲကို ဆက်လာခဲ့ ကြ၏။

ကျော်အောင်သည် မေးမထူး ခေါ်မရ မလှုပ်မယှက် လိုက်ပါလာခဲ့ရာမှ တောင်သမန် ဘိုးဘိုး ကြီးကျားစင်ရှိရာသို့ ရောက်လာကြ၏။

ကျားစင်လေးကို ဖြတ်လိုက်သည် နှင့် ကျော်အောင်မျက်လုံးလေးပွင့်လာပြီး ကြောင်စီစီဖြင့် ပတ်ဝန်းကျင်ကို လျှောက်ကြည့်လိုက်ပြီး သက်ပြ

င်းရှည်ကြီး မှုတ်ထုတ်နေ၏။

ဟိုဒီသို့ ပြူးပြူးပြဲပြဲကြည့်ပြန်၏။

'ငါ ဘယ်ရောက်နေလဲ'

သူ့ကိုယ်သူ မေးလိုက်ပြန်၏။

လှည်းများ တောင်သမန်သို့ ရောက်ပြီဖြစ်၍ ကိုယ်စီရပ်နားလိုက်ကြ၏။

'ကျော်အောင် ... မင်း ဘာဖြစ်တာလဲကွ'

စိန်ကုလားမေးနေသည် ကို ကျော်အောင် မဖြေနိုင်ဘဲရှိ၏။

'အရေးကောင်း ဒိန်းဒေါင်းဖျက်တယ်ဆိုတာ မင်းပဲ။ တို့ တေးရွှေဝါနာမည်ပျက်တယ်။ ဒါမျိုးဆို မင်း နောက်ကို မလိုက်နဲ့ တော့'

အခြားတစ်ယောက်က လှုပ်နှိုးလိုက်သဖြင့် ကျော်အောင် မျက်လုံးလေးပွတ်ပြီး သတိဝင် လာ၏။

'ဩော် ... တောင်သမန် ပြန်ရောက်နေတာကိုး'

'ရောက်လို့ ပဲ လှည်းတွေတောင် ဖြုတ်နေပြီကွ'

'ဟေ ... ဟုတ်လား။ ငါ ဘာဖြစ်တာလဲ'

'မင်းဖြစ်တာ မင်းမသိဘူးလား ကျော်အောင်'

စိန်ကုလားက ထပ်ငေါက်လိုက်ပြန်၏။

'မသိလို့ ပေါ့ကွာ'

'ဒီမှာ ကျော်အောင် ... ဘိုးဘိုးကြီးပွဲမှာ ဘိုးဘိုးကြီး မကြိုက်တာလုပ်ရင် မင်း ဒုက္ခတွေ့ သွားမယ်မှတ်။ အဲဒါ မင်းသိ'

တစ်ယောက်သောသူက သတိပေးလိုက်၏။

'သိပြီ ... သိပြီ'

'ဘာသိတာလဲ'

စိန်ကုလားမြင့်အောင် မကျေနပ်သော မျက်လုံးများ ဖြင့် ကြည့်နေ၏။

'ငါ ဘိုးဘိုးကြီးရဲ့ ကျားကို နောက်မိပြောင်မိတာပဲရှိတယ်'

'အဲဒါ မင်း ဘိုးဘိုးကြီးမကြိုက်တာကို လုပ်တာပဲပေါ့ကွ။ မင်း ဘာလို့ လုပ်ရတာလဲ'

'ဘာရယ်မဟုတ်ပါဘူးကွာ'

'အဲဒီလိုမထီလေးစားလုပ်တာ မင်းအမှားပဲ။ ဘိုးဘိုးကြီးနတ်ကွန်းကို သွားပြီး ကန်တော့ တောင်းပန်လိုက်'

'အေးပါ ... အေးပါ'

ကျော်အောင့်အဖြစ်ကို ဝိုင်းတော်သားများ သဘောပေါက်သွားလိုက်ကြ၏။

'မျိုး ... ဆိုင်းဆရာတို့ အဖွဲ့ ထမင်းသုံးဆောင်ရန် မဏ္ဍပ်အထဲသို့ ကြွကြပါ'

ရပ်ရွာမှ လူကြီးတစ်ဦး လာခေါ်သောကြောင့် ဝိုင်းတော်သားများ လိုက်သွားကြသော်လည်း ကျော်အောင်သည် လှည်းပေါ်တွင် စဉ်းစားရင်း ကျန်ရစ်ခဲ့၏။

'ဟာ ... ဒုက္ခပဲ'

အလန့်တကြားအော်မိသည့် ထိုအသံက ဘေးလူပင် ကြားလောက်၏

။

‘စက်ဘီး’

ထပ်ပြောလိုက်ပြန်၏။

ဘယ်ဆီရောက်၍ ဘယ်လိုပျောက်သွားသည် ကို အသိမရှိဘဲ ဖြစ်ရပြန်၏။ အတန်တန်စဉ်း စားကြည့်နေမိ၏။

(ရီလေး)စက်ဘီး အဖိုးတန်ဆိုသည် ကို သူသိ၏။ လျော်ရမည်ဆိုသ ည် ကို သူသိ၏။ လျော် နိုင်စရာပိုက်ဆံ သူ့၌ မရှိသည် ကိုလည်း သူသိ၏ ။

ကျော်အောင် ခေါင်းချာချာလည်နေ၏။

စိန်ကုလားတို့ အဖွဲ့ ပြန်ရောက်လာကြ၏။

‘မြင့်အောင်ရာ ... ငါတော့ သေချင်တော့တာပဲကွာ။ ဟင်း’

‘ဘာဖြစ်ပြန်ပြီလဲကွ’

‘စက်ဘီး (ရီလေး) ... စက်ဘီး’

‘အဲဒါ ဘာဖြစ်လဲ’

‘ဘယ်မှာ ထားခဲ့သလဲမသိဘူး။ ပျောက်သွားပြီ’

‘ဟာကွာ၊ ကိုယ်စီးလာတဲ့ ဘီး ဘယ်နေရာမှာ ထားခဲ့တယ်ဆိုတာ မ င်းမသိဘူးလား’

‘မသိတော့လို့ ပေါ့ကွာ။ ဟင်း’

‘ဒါဆို အဖိုးတန်(ရီလေး)စက်ဘီး အလစ်သုတ်ခံလိုက်ရပြီနဲ့ တူတယ် ။ မင်း ခံလိုက်တော့ ကျော်အောင်’

ဝိုင်းတော်သားများ သည် ကျော်အောင့်အဖြစ်ကို နားမလည်သလိုရှိရပြီး ဘာလုပ်ရမှန်းမသိ ဖြစ်နေကြလေ၏။

'ထမင်းစားဖို့ နောက်တစ်ယောက်ကျန်သေးတယ်မဟုတ်လား။ စားပြီးမှ ပြန်နော်'

ရွာ၏ ငါးဦးကော်မတီဥက္ကဋ္ဌဖြစ်သူက လာ၍ ထပ်ခေါ်နေပြန်၏။

'မစားချင်တော့ပါဘူးဗျာ။ ကျွန်တော့်(ရီလေး)စက်ဘီးပျောက်သွားလို့ ဘာလုပ်ရမှန်းမသိ ဖြစ်နေတယ်။ ဒုက္ခပဲဗျာ'

'ဘယ်မှာ ပျောက်တာလဲ'

'ရွာထဲမှာ ပဲထင်တယ်'

'ပွဲတော်ရက်မှာ ဒီလိုအဖြစ်မျိုး လက်မခံဘူး။ ရွာနာတယ်။ အမရပူရကရဲတွေ ထိန်းကျောင်း နေကြတာပဲဟာ။ ဒါ မဖြစ်ထိုက်တဲ့ ကိစ္စဘဲ။ လိုက်ရှာပြီး ဖမ်းပြပ့ါမယ်။ စိတ်အေးအေးထား။ အခုပဲ သွားမှာ '

ပြောပြောဆိုဆို ဥက္ကဋ္ဌဆိုသူ ထွက်သွားလိုက်၏။

ကျော်အောင် အဝေးဆီမှ စက်ဘီးတွန်းသွားနေသူတစ်ဦးအား လှမ်းမြင်လိုက်သဖြင့် လျှပ်တစ်ပြက် ခေါင်းထဲတွင် အသိဝင်လာ၏။

'ဟော့ ... ဟိုမှာ အဲဒီလူ၊ အဲဒီလူပဲ'

အော်ရင်း ပြေးလိုက်သွားသော ကျော်အောင့်နောက်သို့ ဝိုင်းတော်သားများ လိုက်သွားကြပြီး ထိုသူအား ဝိုင်းရံထားလိုက်ကြ၏။

'ဟာ ... တေးရွှေဝါက အစ်ကိုကြီးပါလား။ အစ်ကိုကြီး စက်ဘီးကိုဘီးဖာပေးဖို့ အခုမှ ကျွန်တော်ထွက်လာရတာ'

ထွန်းဦးက ဆီးပြောလိုက်သဖြင့် ဝိုင်းတော်သားများ ဘာလုပ်ရမှန်းမ

သိ ဖြစ်သွားကြ၏။

'တော်သေးတာပေါ့ကွာ။ မင်းကိုမြင်မှ ငါပြန်သတိရတာကွ။ ပျောက်သွားပြီလို့ ငါမှတ်နေ တာ'

'ကျွန်တော့်ဆီ အပ်သွားတာပဲဟာ။ ဘာလို့ ပျောက်ရမှာ လဲ'

'ကဲ ... ကဲ ... ငါ့ဟာငါပဲ ဖာလိုက်ပါတော့မယ်'

'အခုလိုကြာသွားရတာ ပြောပြရဦးမယ်ဗျ'

'ရပါတယ်ကွာ။ ငါ ဝမ်းသာလှပါပြီ'

'နားထောင်စမ်းပါဦးဗျာ။ အစ်ကိုကြီးတို့ လှည်းတွေထွက်တော့ အစ်ကိုကြီးတို့ အဖွဲ့ကို ကျွန်တော်ထွက်ကြည့်သေးတယ်'

'ဟုတ်လား'

'ကြည့်နေတုန်းကတော့ အကောင်းသားဗျ။ အစ်ကိုကြီးစက်ဘီးကို အိမ်ထဲသွင်းဖို့ တွန်း လိုက်တာနဲ့ ကျွန်တော့်ကိုယ်ပေါ်ကို လေးလေးကြီးခွစီးလိုက်သလို ခံလိုက်ရပြီး တုန်တုန်ယင်ယင်နဲ့ ခုန်ချင်သလို ပေါက်ချင်သလိုလို ဟိုဟိုဒီဒီ လျှောက်ရောက်သွားတယ်ဗျ။ ဘယ်လောက်ကြာသွား တယ်ဆိုတာ မပြောတတ်ဘူး။ အဲ ... အဲ ... အစ်ကိုကြီးတို့ လှည်းတွေ ပြန်ဝင်လာမှ သတိပြန်ရ တယ်။ အဲဒါကြောင့် အခုမှ ဘီးဖာပေးရအောင်လို့ ထွက်လာခဲ့တာ'

'ဟုတ်ပြီ၊ ဟုတ်ပြီ။ မင်းလည်း ငါ့လိုမျိုးဖြစ်တာများ လားကွာ'

ကျော်အောင် တွေးကြည့်ရာမှ အဖြေပေးလိုက်၏။

'အိမ်နားက ဒေါ်မြင့်ကတော့ ဒီပွဲမှာ ကျွန်တော့်ရဲ့ အမှားအယွင်းတစ်စုံတစ်ခုကြောင့်လို့ ပြောတာပဲ'

‘မင်းလုပ်တာ မဟုတ်ပါဘူးကွာ။ ငါလုပ်မိတဲ့ ငါ့အမှားအယွင်းကြောင့် မင်းပါရောပြီး အဆစ်ခံလိုက်ရတာပေါ့။ ငါ့ကြောင့်ပါကွာ’

‘ဗျာ’

‘တောင်သမန်အဝင်က ကျားစင်ကို ငါ မခန့်လေးစားလုပ်မိခဲ့တယ်၊ မဟုတ်ကဟုတ်က ပြောမိခဲ့တယ်’

‘ဟုတ်လား’

‘လှည့်ပွဲကျတော့လည်း ထပ်ပြီးစော်ကားမိပြန်တယ်။ ဘိုးဘိုးကြီးမကြိုက်တာလုပ်တော့ ဘိုးဘိုးကြီးက ဒဏ်ပေးတယ်ဆိုတာ အခုတော့ ငါသိလိုက်ပြီကွ။ မင်းသဘောပေါက်ပြီလား’

‘ကျား ... တောင်သမန်ကကျား’

ထွန်းဦး စဉ်းစားကြည့်နေလေ၏။

‘အခု ငါ တောင်သမန်ဘိုးဘိုးကြီးနတ်ကွန်းကိုသွားပြီး ကန်တော့တောင်းပန်ရဦးမှာ ။ အဲဒီလိုတောင်းပန်လိုက်ရင် မင်း ဘာမှ မဖြစ်နိုင်တော့ပါဘူး ထွန်းဦးရာ၊ မင်းလည်း လိုက်ခဲ့’

**ဂမ္ဘီရ လူမော်**

***